

# တနင်္သာရီမြို့ရှိ ရှေးဟောင်းမြို့ရိုးကြီးများ

- - - - - - - - - - - - - - - - - -

ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးထဲမှာ 'တနင်္သာရီ' ဆိုတဲ့နာမည်နဲ့ မြို့ငယ်တစ်မြို့ရှိနေသေးတာကို ဒေသအတွင်းက တခြားမြို့တွေနဲ့စာရင် လူသိနည်းပါတယ်။ လူသိနည်းတယ်ဆိုတာ သာမန်အားဖြင့်သာ ပြောတာပါ။ နိုင်ငံသမိုင်း၊ ဒေသသမိုင်းနဲ့ ကိုယ်နိုင်ငံအကြောင်း သေသေချာချာ လေ့လာထားတဲ့သူတွေအနေနဲ့ တနင်္သာရီမြို့ကို သိရှိကြရုံသာမက မြို့ရဲ့သမိုင်းကြောင်းကိုပါ အထူးစိတ်ဝင်စားလေ့ရှိပါတယ်။ အထူးသဖြင့် နိုင်ငံ့သမိုင်းကို လေ့လာဖူးတဲ့သူတွေအနေနဲ့ကတော့ တနင်္သာရီမြို့ကို ကောင်းကောင်းကြီး သိကြတာပါ။

မြန်မာ့သမိုင်းတစ်လျှောက်လုံးနဲ့ ရှေးခေတ်ကမ္ဘာ့ကုန်သွယ်မှုအခန်းကဏ္ဍမှာ တနင်္သာရီမြို့ဟာ ဘယ်လောက်အထိ အရေးပါခဲ့တယ်ဆိုတာ သမိုင်းမှာ ထင်ရှားပါတယ်။

တနင်္သာရီမြို့ဟာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းက မြို့ငယ်တစ်မြို့ဖြစ်ပြီး မြိတ်မြို့ရဲ့အရှေ့တောင်ဘက် ၅၂ မိုင်ကွာမှာတည်ရှိပါတယ်။ တနည်းအားဖြင့်ပြောရရင် တနင်္သာရီမြို့ဟာ မြိတ်မြို့နဲ့ကော့သောင်းမြို့အကြား ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိနေတဲ့မြို့တစ်မြို့ ဖြစ်တယ်လို့လည်း ပြောလို့ရပါတယ်။

တနင်္သာရီမြို့သား ကိုသန်းစိုးဝင်း ( စာရေးဆရာ တက္ကသိုလ်သန်းစိုးဝင်း ) ပြောဖူးတာလေးတစ်ခု ပြန်ပြန်ကြားယောင်နေမိပါတယ်။ သူပြောတာက ...

"ကျွန်တော်တို့ရဲ့ တနင်္သာရီမြို့လေးက သိပ်လှတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ မြေပုံပေါ်ပဲ ကြည့်ကြည့် အပြင်မှာပဲ ကြည့်ကြည့် တမူထူးခြားတဲ့ သဘာဝရှုခင်းတွေနဲ့မို့ မြင်ရတာ စိတ်ကြည်နူးတယ်၊ ကျနော်ကတော့ ဘယ်အချိန်ကြည့်ကြည့် ကိုယ့်မြို့ကိုယ်ကြည့်လို့ မဝနိုင်ဘူး" ... တဲ့။




တနင်္သာရီမြို့ ဆိုင်းဘုတ်



တောင်ဘက်ကျုံးနှင့် မြို့ရိုးကို ၂၀၁၉ ခုနှစ်က တွေ့ရစဉ်။




တနင်္သာရီမြို့တည်နေရာပုံ အနေအထားကို Google Earth မှ မြင်ရတဲ့ မြင်ကွင်း။

သူပြောတာ ဟုတ်လည်းဟုတ်တာပဲ။ တနင်္သာရီမြို့ရဲ့တည်နေ ပုံက တကယ်ကို ထူးခြားလွန်းတာပါ။ သဘာဝက ဖန်တီးပေးထားတဲ့ မြေအနေအထားပေါ် အဆင်သင့် နေရာယူပြီး မြို့တည်ထားတာဖြစ်လို့ တခြားမြို့တွေထက် ပိုပြီး သာယာတယ်လို့ ထင်ရပါတယ်။ တနင်္သာရီမြစ်ဟာ မြို့အပြင်ဘက် ဧရိယာရဲ့ လေးပုံသုံးပုံလောက်ကို ပတ်ရံထားသလိုမျိုးဖြစ်နေတာမို့ သဘာဝရေကျုံးကြီး ကာ ဆီး ထား သ လို ဖြစ် နေတာပါ။ မြို့ရဲ့ အနောက်ဘက်မျက်နှာ၊ မြောက်ဘက်မျက်နှာနဲ့ အရှေ့ဘက်မျက်နှာတို့ကို မြစ်ပြင်ကျယ်နဲ့ ကာဆီးထားပြီး တောင်ဘက်မျက်နှာတစ်ခုပဲ ကုန်းမြေတောင်တန်းနဲ့ ဆက်စပ်ရှိနေပါတယ်။

မြောက်ဘက် ထားဝယ်ဒေသဘက်မှာ မြစ်ဖျားခံတဲ့ တနင်္သာရီမြစ်ဟာ နဂါးကြီးတစ်ကောင်လို ကွေ့ဝိုက် စီးဆင်းလာပြီး တစ်နေရာ

တော့ တနင်္သာရီမြို့ဖြစ်လာမယ့် ကုန်းမြေလေးကို ဖန်တီးဖော်ဆောင်ပေးခဲ့ပါတယ်။ ဖြစ်ပေါ်နေတဲ့ ပထဝီအနေအထားအရဆိုရင် နဂါးကြီးတစ်ကောင်လို ကွေ့ဝိုက် စီးဆင်းလာတဲ့မြစ်ကြီးက တနင်္သာရီမြို့တည်ရှိနေတဲ့ ကုန်းမြေလေးကို သူ့ခန္ဓာကိုယ်ကြီးနဲ့ ယုယုယယ ပိုက်ထွေးထားသလိုမျိုး ဖြစ်နေပါတယ်။

တနင်္သာရီမြစ်ဟာ တနင်္သာရီမြို့အတွက် သဘာဝကျုံးကြီးလို ဖြစ်နေပြီး မြို့ကာကွယ်ရေးအတွက် စိတ်ချလုံခြုံရတာအပြင် ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဘက်မှာလည်း အထူးအားထားရတဲ့ မြစ်တစ်စင်း ဖြစ်ပါတယ်။

ကူးသန်းရောင်းဝယ်ရေးဘက်မှာ အရေးပါလွန်းလို့လည်း တနင်္သာရီမြစ်နဲ့ တနင်္သာရီမြို့ဟာ တစ်ချိန်တစ်ခါက ကမ္ဘာကျော်ခဲ့တာဖြစ်မှာပါ။ အခုဒီဆောင်းပါးမှာတော့ သမိုင်းမှာထင်ရှားတဲ့ တနင်္သာရီမြို့၊ တနင်္သာရီဆိပ်ကမ်း၊ တနင်္သာရီမြစ်တို့အကြောင်း ခဏထားပြီး တနင်္သာရီမြို့မှာ အခုထိ တွေ့မြင်နေရသေးတဲ့ ရှေးဟောင်းမြို့ရိုးတွေအကြောင်း အပေါ်ယံလောက် ပြောကြည့်ချင်ပါတယ်။





အရှေ့ဘက်မြို့ရိုးကို ၂၀၁၉ ခုနှစ်က တွေ့ရစဉ်။

တနင်္သာရီမြို့ကိုရောက်လို့ မြို့အနောက်ဘက် မြစ်ကမ်းနံဘေး တစ်လျှောက်ပတ်ကြည့်လိုက်ရင် မြို့ကိုဝန်းရံထားတဲ့ မြေကုန်းရိုးတန်းကြီးကို ထင်ထင်ရှားရှား တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဓိက မြို့ဝင်မုခ်ဦး (မကြာသေးခင်က ပြုလုပ်ထားတဲ့မုခ်ဦး) ကနေ မြို့ထဲဝင်လာခဲ့ရင်လည်း လက်ဝဲဘက်အခြမ်းမှာ ကုန်းရိုးတန်းကြီးတစ်ခုကို ရှင်းလင်းစွာ မြင်ရဦးမှာပါ။ အဲဒါတွေဟာ တနင်္သာရီမြို့ရဲ့ ရှေးခေတ်မြို့ရိုးကြီးတွေ ဖြစ်ပါတယ်။ ထုထည်ကြီးမားတဲ့ မြို့ရိုးကြီးတွေပါ။ ထုထည်ကြီးမားလွန်းလို့လည်း အခုချိန်အထိ ထီးထီးကြီး ကျန်နေတာ ဖြစ်နိုင်ပါတယ်။ မြို့အရှေ့ဘက် အရှေ့တောင်ထောင့်အနားမှာ တွေ့ရတဲ့ မြို့ရိုးကြီးကတော့ အထင်ရှားဆုံးပါ။ အနေအထားရော အရွယ်အစားပါ အရင်မူလ နီးပါးအတိုင်း ကျန်နေသေးတယ်လို့ ထင်ပါတယ်။


အနောက်တောင်ထောင့်မြို့ရိုး တစ်နေရာကို ၂၀၁၉ ခုနှစ်က တွေ့ရစဉ်။


အနောက်ဘက်မြို့ရိုး တစ်နေရာကို ၂၀၁၉ ခုနှစ်က တွေ့ရစဉ်။




မြောက်ဘက်မြို့ရိုး
နေရာတလျှောက်မှာ တွေ့နေရသေးတဲ့ မူလအုတ်စီအလွှာများ





တနင်္သာရီမြစ်က မြို့တည်ရှိရာကုန်းမြေကို သဘာဝကျုံးကြီးသဖွယ် ပတ်ရံပေးထားပေမယ့်လည်း ရှေးခေတ်မြို့တည်မင်းတွေက မြို့လုံခြုံမှုအဆင့်မြင့်တဲ့အနေနဲ့ အတွင်းဘက်ကုန်းမြေပတ်ပတ်လည်မှာ ထုထည်ကြီးမား ခိုင်ခံ့တဲ့ အုတ်မြို့ရိုး အမြင့်ကြီးကိုပါ ထပ်မံကာရံထားလိုက်သေးတာပါ။ အဲဒီအုတ်မြို့ရိုးအပိုင်းအစတွေကို အခုချိန်ထိ တွေ့နေရတုန်း ဖြစ်ပါတယ်။ မြို့မြောက်ဘက်ခြမ်းနဲ့ အရှေ့ဘက်မျက်နှာစာ တချို့နေရာတွေကလွဲလို့ ကျန်တဲ့နေရာတွေမှာ မြို့ရိုးတွေကို ထင်ထင်ရှားရှား တွေ့နေရပါတယ်။



တောင်ဘက်ကျုံးနှင့်
မြို့ရိုးတစ်နေရာကို ၂၀၁၉ ခုနှစ်က တွေ့ရစဉ်။

မြို့အနောက်ဘက်မျက်နှာမှာ မြို့ရိုးတန်းကြီးကို တောင်နဲ့မြောက် တန်းလို့ ထင်ရှားစွာ တွေ့နေရသလိုပဲ တောင်ဘက်မျက်နှာတစ်နေရာမှာဆိုရင်လည်း မြို့ရိုးအမြင့်ကြီးနဲ့အတူ ကျုံးရေပြင်ကိုတောင်မှ ပီပီပြင်ပြင် တွေ့နေရတုန်း ဖြစ်ပါတယ်။

တနင်္သာရီမြို့ဟာ ထူးခြားသလောက်ပဟေဠိလည်းဆန်ပါတယ်။ ဒီမြို့ကို ဘယ်မင်းက ဘယ်အချိန်မှာ တည်ထောင်ခဲ့ပြီး ဘယ်လိုအုပ်ချုပ်ခဲ့တယ် ဆိုတာကိုသိရဖို့ ရာဇဝင်အကြောင်းအရာတွေကလွဲပြီး ခေတ်ပြိုင်အထောက်ထား အတော်လေး ရှားပါးတယ်လို့ ဆိုပါတယ်။ မြန်မာ့သမိုင်းအလယ်ခေတ်လောက်က တနင်္သာရီမြို့ အခြေအနေကို ခေတ်ပြိုင်မှတ်တမ်းတချို့မှာ တွေ့နေရပေမယ့် ခေတ်ဦးပိုင်းအထောက်အထားတွေကို မတွေ့ခဲ့ရတာနေမှာပါ။ ဒါပေမယ့်လည်း




အတော်လေး ရှားပါးတယ်လို့ ဆိုပါတယ်။ မြန်မာ့သမိုင်းအလယ်ခေတ်လောက်က တနင်္သာရီမြို့ အခြေအနေကို ခေတ်ပြိုင်မှတ်တမ်းတချို့မှာ တွေ့နေရပေမယ့် ခေတ်ဦးပိုင်းအထောက်ထားတွေကို မတွေ့ခဲ့ရတာနေမှာပါ။ ဒါပေမယ့်လည်း ရှေးဟောင်းသုတေသနတူးဖော်မှုအစီရင်ခံစာ ( ၁၉၉၈ - ၁၉၉၉ ) ကတော့ တနင်္သာရီမြို့ရိုးကို အေဒီ ၁၂ / ၁၃ ရာစု ( ပုဂံခေတ် ) လောက်မှာ တည်ဆောက်ခဲ့တာဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

အများအားဖြင့် လက်ရှိတွေ့မြင်နေရတဲ့ တနင်္သာရီမြို့ရိုးတွေကို မြေမြို့ရိုးကြီးတွေအဖြစ်နဲ့သာ တွေ့မြင်နေရတာပါ။ မူလက အုတ်စီလွှာမြို့ရိုးကို ဖို့မြေထုနဲ့ ခိုင်ခံ့အောင် ထောင့်ကန်ထားတဲ့ မြို့ရိုးအမျိုးအစားဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမယ့်လည်း နှစ်တွေကြာလာတာနဲ့အမျှ အုတ်စီလွှာတွေ ပြိုကျကုန်ပြီး မြေမြို့ရိုးတွေ အဖြစ်နဲ့သာ ကျန်နေခဲ့တော့တာပါ။ အုတ်စီမြို့ရိုးအပိုင်းအစတွေကိုတော့ မြို့မြောက်ဘက်၊ အရှေ့ဘက်နဲ့ တောင်ဘက်တို့မှာ တွေ့မြင်နေရဆဲဖြစ်ပါတယ်။ လက်ရှိမြင်နေရတဲ့ မြို့ရိုးကုန်းကြီးပေါ်က မြေလွှာတွေကိုဖယ်ရှားကြည့်ရင်လည်း အုတ်စီအလွှာတွေ ပေါ်ထွက်လာနေတာကို တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံတွင်းက ရှေးဟောင်းမြို့တော်တွေမှာ ကျုံး၊ မြို့ရိုးကြီး တွေ ကျန်နေခဲ့တဲ့မြို့ဟောင်းဆိုလို့ လက်ချိုးရေလို့ ရပါတယ်။ တချို့မြို့ဟောင်း တွေမှာ ကျုံး ကျန်နေသေးပေမယ့် မြို့ရိုးတွေ ရှိမနေတော့ပါဘူး။ ရှေးမြို့ရိုး ကျန် နေသေးတဲ့ မြို့ဟောင်းတွေ တော်တော်ကိုရှားနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် အခု ချိန်မှာ ရှေးမြို့ဟောင်းတွေကမြို့ရိုးတွေ ကျုံးတွေကို သေသေချာချာ ထိန်းသိမ်း ရတော့မှာ ဖြစ်ပါတယ်။ တနင်္သာရီမြို့မှာ ကိုသန်းစိုးဝင်းတို့လို မြို့ခံပြည်သူတွေ ကိုယ့်ဒေသ အမွေအနှစ်ထိန်းသိမ်းရေးအတွက် အားကျိုးမာန်တက် ဆောင်ရွက် နေကြတာကို မြင်ရကြားရတော့ တကယ့်ကို အားရကျေနပ်မိပါတယ်။ ကျွန်တော့ အနေနဲ့ကတော့ တနင်္သာရီမြို့လေးမှာ လက်ရှိကျန်နေသေးတဲ့ ရှေးဟောင်း လက်စလက်နတွေကို အသေအချာ ထိန်းသိမ်းပြီး မြို့ရဲ့သမိုင်းကြောင်း အစဉ်အလာတွေကိုပါ ထင်ရှားပေါ်လွင်အောင် ဆောင်ရွက်သွားနိုင်ပါစေလို့ပဲ ဆန္ဒပြုနေရတာပါ။

အဲဒါတွေကိုသာ အကောင်အထည်ဖော်နိုင်လာခဲ့ရင်တော့ တစ်ချိန် တစ်ခါက သမိုင်းကြောင်းဆက်စပ်မှုရှိခဲ့ဖူးတဲ့ တဖက်နိုင်ငံက ခရီးသွားဧည့်သည် တွေကို ဆွဲဆောင်နိုင်မှာ ဖြစ်သလို နိုင်ငံတွင်း၊ ဒေသတွင်းမှာလည်း အရင် ကထက် ပိုမိုထင်ရှားတဲ့ မြို့တစ်မြို့ဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်နေမိပါ တယ် ခင်ဗျာ။

— ရနောင် (ဒွယ်)

အကိုးအကား ......

တနင်္သာရီသမိုင်းရှာပုံတော် ( တိုးလွင်သော် - ရန်ကုန်တက္ကသိုလ် )